# ဧပြီလ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဧပြီလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ထိန်းသိမ်းခံထားရသူ ၂၁၅ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၅ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၆ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၁၂၄ ဦးသည် ထောင်ပြင်ပမှနေ၍ တရား ရင်ဆိုင်နေရသည်။



ဓာတ်ပုံ ဧရာဝတီ
ဧပြီလ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အင်တာနက်စာမျက်နှာ    တွစ်တာစာမျက်နှာ    လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ ........ 3**

ဖမ်းဆီးခံရခြင်းများ ........ 3

တရားစွဲဆိုခံရခြင်းများ ........ 3

တရားရင်ဆိုင်ရခြင်းများ ........ 3

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........ 5

ထောင်တွင်းအခြေအနေများ ........ 5

ထောင်မှလွတ်မြောက်မှုများ ........ 5

နိုင်ငံရေးအကျဉ်းသားဟောင်းများ ........ 7

**နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ........ 8**

လယ်ယာမြေအငြင်းပွားမှုများ ........ 10

**ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ ........ 13**

**အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ........ 14**

**အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links ........ 15**

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**ကချင် အရပ်ဘက်အဖွဲ့ ဦးဆောင်သူတစ်ဦးအား အာဏာပိုင်များမှ ဖမ်းဆီး**

ဧပြီလ ၅ ရက်နေ့တွင် ကချင်ပြည်နယ် အာဏာပိုင်များမှ ကချင် အရပ်ဘက်အဖွဲ့အစည်းကို ဦးဆောင်သူ တစ်ဦးအား မတရားအသင်း ဆက်သွယ်မှု ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ဖမ်းဆီး ခဲ့သည်။ နန်းရှမ်းနီအရပ်ဘက်အဖွဲ့အစည်းကို ဦးဆောင်သူ တစ်ဦးဖြစ်သော ကိုမင်းဆိုင်းသည် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)နှင့် ဆက်သွယ်သည်ဟူသော သံသယဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ လက်ရှိတွင် ကိုမင်းဆိုင်းကို ကချင် ပြည်နယ်၊ ပူတာအိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားသည်။

## ▪ တရားစွဲဆိုခံရခြင်းများ

**လွန်းညစံပြကျေးရွာမှ ဒေသခံလယ်သမားများကို တရားစွဲ**

ပြည်သူသွားလာရာလမ်းပေါ် မသွားလာနိုင်စေရန်နှင့် ပစ္စည်းသယ်ဆောင်ခြင်း မပြုလုပ်နိုင်စေရန် ပြုလုပ်ခြင်းအတွက် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လွန်းညစံပြကျေးရွာက ဒေသခံလယ်သမားများကို ခရိုင်ကျေးလက်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောကျော်မင်းဦးက တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့သည်။ ထို့ကြောင့် အိန္ဒိယနယ်မြေရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၄၃၁ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ လယ်ယာသုံးလမ်းကို တရုတ်ကုမ္ပဏီပိုင် ကျောက်သယ်ယာဉ်ကြီးများဖြတ်သန်း သွားလာနိုင်ရန် လမ်းမြေသား မြှင့်တင်ဆောင်ရွက်ထားသည့်အတွက် စိုက်ပျိုးရာသီအမီ လယ်ယာသုံးစက်များအသုံးပြုသွားလာနိုင်ရန် ဒေသခံလယ်သမားများ စုပေါင်းပြီးပြန်လည်ပြုပြင်ခဲ့၍ အမှုဖွင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်ဟု ဒေသခံလယ်သမားများမှ ပြောကြားခဲ့သည်။

အာရှလမ်းသစ်စီမံကိန်းအတွက် ချစ်လင်းမြိုင်ကုမ္ပဏီက လွန်းညကျောက်တောင်မှ ကျောက်များကိုထုတ်ယူလျှက်ရှိပြီး ထွက်ရှိလာသည့် ကျောက် များကို လယ် ယာသုံးလမ်းမှ တရုတ်ကုမ္ပဏီ (CRBC)ပိုင် ကျောက်သယ်ယာဉ်ကြီးများနှင့် သယ်ယူနေခြင်းဖြစ်သည်။ လမ်းကို အသုံးပြုနေသည့် အချိန်တွင် ပြုပြင်ပေးမည်ဖြစ်သလို အသုံးပြုပြီးလျှင်လည်း ဒေသခံများ လိုချင်သည့်အတိုင်းဖြစ်ရန် လုပ်ဆောင်ပေးမည်ဟု ကျောက်ထုတ် တာဝန်ခံက ပြောဆိုထားသော်လည်း ယနေ့တိုင် လာရောက် ညှိနှိုင်းပေးခြင်းမရှိပါဟု ဒေသခံများက ပြောကြားခဲ့သည်။

**မြေယာနှင့် သီးနှံလျော်ကြေးများရရှိရန် ဆန္ဒပြသူများအနက် ဦးဆောင် သူ လေးဦးကို အမှုဖွင့်**

ဧပြီလ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၌ တရုတ်နိုင်ငံ CNPC ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းစု (MOGE) တို့ကို ကျိန်စာတိုက် ဆန္ဒပြခဲ့သောတောင်သူများအနက် ဦးဆောင်သူ လေးဦးကို ငြိမ်းစုစီဥပဒေဖြင့် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှ အမှုဖွင့်ခဲ့သည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ရှိ CNPC ကုမ္ပဏီနှင့် MOGE တို့အနေဖြင့် ဒေသခံများ၏ထိခိုက်နစ်နာမှုများကို တာဝန်ယူဖြေရှင်းပေးခြင်း မရှိသောကြောင့် ဒေသခံများ ဆန္ဒဖော်ထုတ် ကျိန်စာတိုက်ခဲ့ကြခြင်းဖြစ်သည်။

## ▪ တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာသတင်းထောက်နှစ်ဦးကို စွဲချက်မတင်မီလွှ တ်ပေးရန် လျှောက်ထားချက်အား ပယ်ချ**

အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃ (ဂ) ဖြင့် တရားရင်ဆိုင်နေရသော ရိုက်တာ သတင်းထောက်နှစ်ဦးဖြစ်သည့် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို စွဲချက်မတင်မီ လွှတ်ပေးရန် လျှောက်ထားချက်အား ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်း ခရိုင်တရားသူကြီးမှ ပယ်ချခဲ့သည်။

ဧပြီလ ၂၀ ရက်နေ့ တရားခွင် ကြားနာစစ်ဆေးမှုအတွင်း တရားလိုပြသက်သေ အမှတ် ၈ လုံခြုံရေးရဲတပ်ရင်းမှ ဒုရဲမှူးမိုးရန်နိုင်မှ ရိုက်တာ သတင်းထောက်နှစ်ဦးကို ထောင်ချောက်ဆင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည့်အပြင် ထိုကဲ့သို့ဖမ်းဆီးရန် ရဲမှူးချုပ် တင်ကိုကိုမှ ဦးစီးကွပ်ကဲခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ပြင် ဒုရဲမှူး မိုးရန်နိုင်မှ ရဲမှူးချုပ် တင်ကိုကိုသည် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို ဖမ်းဆီးရန် ပျက်ကွက်လျှင် ထောင်ဒဏ်ချမှတ်မည်ဟု ခြိမ်းခြောက်ခဲ့သည် ဟုလည်း ပြောကြားခဲ့ သည်။

ဧပြီလ ၂၁ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ နေပြည်တော် ရဲ ဂုန်ထမ်း အိမ်ယာတွင် နေထိုင်လျှက်ရှိသော ဒုရဲမှူး မိုးရန်နိုင်၏ မိသားစုကို ထိုအိမ်ယာမှ ၂၄ နာရီအတွင်း ဖယ်ရှားခိုင်းခဲ့သည်။ ဧပြီလ ၂၅ ရက်နေ့ ရုံးချိန်းတွင် အစိုးရရှေ့နေမှ ဒုရဲမှူး မိုးရန်နိုင်ကို မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာပေး ရန် လျှောက်ထားခဲ့သည်။

လက်ရှိတွင် ဒုရဲမှူး မိုးရန်နိုင်သည် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၆(ခ)/၂၂ (အမိန့် တာဝန်မလိုက်နာမှု )အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ် ချမှတ်ခံထားရပြီး အင်းစိန် အကျဉ်းထောင်သို့ လွှဲပြောင်းပို့ဆောင်ထားသည်။ ပြစ်ဒဏ် ချမှတ်မခံရမီ ဒုရဲမှူး မိုးရန်နိုင် သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ညမှ စတင်ကာ မိသားစုများနှင့် တွေ့ဆုံခွင့်မရရှိဘဲ အမှတ် ၈ လုံခြုံရေး ရဲတပ်ရင်း တွင် ရက်ပေါင်း ၁၂၀ ကျော်ကြာ ထိန်းသိမ်းခံခဲ့ရကြောင်း သိရှိရသည်။

ဧပြီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ ပြည်ထဲရေးဝန်ကြီးဌာနအား ဒုရဲမှူး မိုးရန်နိုင်၏ အခွင့်အရေးများကို လေးစားရန်နှင့် ဒုရဲမှူး မိုးရန်နိုင် အား မိသားစုနှင့် တွေ့ဆုံခွင့်ပေးရန် ပန်ကြားခဲ့သည်။

ဧပြီလ ၂၆ ရက်နေ့တွင် မြန်မာ အရပ်ဘက်အဖွဲ့အစည်း (CSOs) ၁၆၃ ဖွဲ့မှ သတင်းထောက်နှစ်ဦး ထောင်ချောက်ဆင် ဖမ်းဆီးခံခဲ့ရခြင်း နှင့်ပတ်သက်ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါရန် တောင်းဆိုခဲ့သည်။

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး ဆက်လက် တရားရင်ဆိုင်**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြေထောက်ဖြင့် နင်းခဲ့ခြင်းအတွက် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ (၇) ဖြင့် တရားရင်ဆိုင်နေရသော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဧပြီလ ၁၀ ရက်နေ့တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့သည်။ ထိုနေ့ရုံးချိန်းတွင် တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်မှ ကိုအောင်ကိုထွေး အမှုအား လိုက်ပါဆောင်ရွက်ရန် လျှောက်ထားခဲ့ရာ တရားသူကြီးမှ ခွင့်ပြုခဲ့သည်။ ထို့ပြင် ကိုအောင်ကိုထွေးမှ မတရားဖမ်းဆီးတရားစွဲခံရမှုများ အတွက် နိုင်ငံ‌ေ တာ်သမ္မတ ဦးဝင်းမြင့်ထံ တိုင်ကြားစာ ပေးပို့ထားပြီး ထိုကာလအတွင်း တရားရုံး သပိတ်မှောက်မှုကို ယာယီ ရပ်ဆိုင်းထားသည်ဟု ပြောကြားခဲ့သည်။

ကိုအောင်ကိုထွေးသည် နိုင် ငံတော်အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅(ခ)ဖြင့် ခုနစ်လကျော်ကြာ တရားရင်ဆိုင်ခဲ့ပြီးနောက် မတ်လ ၂၈ ရက် နေ့တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားသူကြီး ဦးချစ်ကိုကိုမှ ကိုအောင်ကိုထွေးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့ တရားရုံးထုတ်ရာတွင် ကိုအောင်ကိုထွေးမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေစာအုပ်ကို ခြေထောက်ဖြင့် နင်းခဲ့သည့်အတွက် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှူး ရဲမှူး မောင်မောင်မှ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ (၇) ဖြင့် ထပ်မံ တရားစွဲဆိုခဲ့သည်။

ကိုအောင်ကိုထွေးသည် တရားစီရင်ရေးကို အယုံအကြည်မရှိကြောင်း ဆန္ဒပြ သပိတ်မှောက်သည့်အတွက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဒဂုံ ဆိပ်ကမ်းမြို့နယ် တရား သူကြီး ဦးချက်ကိုကိုမှ ကိုအောင်ကိုထွေးကို တရားရုံးအား မထီမဲ့မြင်ပြုမှု၊ ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခဲ့ပြီး ထို့နေ့တွင်ပင် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ဧပြီလ ၂၄ ရက်နေ့တွင် ကိုအောင်ကိုထွေးကို တရားရုံးပြောင်း စစ်ဆေးပေးရန် ၎င်း၏ ရှေ့နေဖြစ်သူ ဦးရောဘတ်စန်းအောင်မှ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံးထံ လျှောက်ထားခဲ့သည်။ ကိုအောင်ကိုထွေးကို တရားရုံးမထီမဲ့မြင်မှု ပုဒ်မ ၂၂၈ နှင့် တရားစွဲဆို ပြစ်ဒဏ်ချမှတ်ထားသည့် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားသူကြီး ဦးချစ်ကိုကိုမှ ကိုယ်တိုင် အမှုစစ်ဆေးမည်ဆိုလျှင် တရားမျှတမှု မရှိနိုင်ပါဟု ကိုအောင်ကိုထွေး၏ရှေ့နေဖြစ်သူ ဦးရောဘတ်စန်းအောင်မှ ပြောကြားခဲ့သည်။

ဧပြီလအစောပိုင်းတွင် အရပ်ဘက် အဖွဲ့အစည်း ၁၅၄ ဖွဲ့မှ ကိုအောင်ကိုထွေးကို အမြန်ဆုံး လွှတ်ပေးရန်နှင့် ၎င်းအား စွဲဆိုထားသော စွဲချက်များကို ပြန်လည် ရုပ်သိမ်းပေးရန် သဘောထားကြေညာချက် ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။

**ဝက်မေးရွာသူနှစ်ဦး အာမခံဖြင့် လွတ်မြောက်**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် မလွတ်ကင်းသည့်အတွက် ပြောင်းရွှေ့ရန် သတ်မှတ်ထားသော ဝက်မေးကျေးရွာမှ နေအိမ် ခုနစ်လုံးကို မတ်လ ၂၉ ရက်နေ့တွင် ပြောင်းရွှေ့ရန် စီစဉ်ရာ ရဲကားများကို ကျေးရွာအတွင်း ဝင်ခွင့်မပြုဘဲ တားဆီးခဲ့၍ ဒေသခံများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင် များကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ဝက်မေးရွာသူ မသွဲ့သွဲ့ဝင်းနှင့် မစန်းစန်းလှတို့ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် ဆားလင်းကြီးမြို့မ

ရဲစခန်းမှ မသွဲ့သွဲ့ဝင်း၊ မစန်းစန်းလှတို့အပြင် မဖြူဖြူဝင်းကို လည်း ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၃၃၃ တို့ဖြင့် အမှုဖွင့်ခဲ့သည်။ ရာဇသတ်ကြီး ပုဒ်မ ၃၃၃ သည် အာမခံပေး၍ မရသောကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၃၂ ဖြင့် ပြောင်းလဲအမှုဖွင့်ခဲ့ပြီး မတ်လ ၁၁ ရက်နေ့တွင် အာမခံပေးခဲ့သောကြောင့် ၎င်းတို့ ပြန်လည် လွတ်မြောက်လာခဲ့သည်။

## ▪ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**စစ်ပွဲအလိုမရှိကြောင်း ပြဇာတ်ကပြခဲ့သည့် ကျောင်းသား ရှစ်ဦးကို ငွေဒဏ်ချမှတ်**

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့ခြင်းအတွက် နိုင်ငံတော် အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅ ဖြင့် တရားစွဲခံထားရသော ကျောင်းသား ရှစ်ဦးကို ပုသိမ်မြို့နယ် တရားသူကြီးဦးဝင်းအောင်မှ ဧပြီလ ၄ ရက်နေ့ ရုံးချိန်းတွင် ငွေဒဏ်အသီးသီး ချမှတ်ခဲ့သည်။ ပြဇာတ်ပါ ပြကွက်များသည် တပ်မတော်မိသားစုများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်းအတွက် အနောက်တောင်တို င်းစစ်ဌာနချုပ်က ဒုဗိုလ်မှူးကြီး အောင်မျိုးနိုင်မှ ကျောင်းသား ကိုးဦးကို တရားစွဲဆို ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကိုမျိုးကိုကိုသည် ရုံးချိန်း တက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် ကျောင်းသား ရှစ်ဦးကိုသာ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရားစွဲခံရသည့် ကျောင်းသားများမှ ပြောကြားခဲ့သည်။ကျောင်းသား ရှစ်ယောက် အနက်မှ ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့ကို ဒဏ်ငွေ ၅ သောင်းကျပ်စီ ချမှတ်ခဲ့ပြီး ကိုထက်ပိုင်ဖြိုးပါ ကျောင်းသား ခြောက်ဦးကို ဒဏ်ငွေ ၃ သောင်းကျပ်စီ ချမှတ်ခဲ့သည်။ ထိုအမှု ကို ပုသိမ်မြို့နယ် တရားရုံးမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ စတင်လက်ခံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ကျော် ကြာ တရားရင်ဆိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ် သည်။

## ▪ ထောင်တွင်းအခြေအနေများ

**မွန္တလေးအိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားချင်းရန်ဖြစ်ရာမှ တစ်ဦးသေဆုံး**

ဧပြီလ ၂၁ ရက်နေ့တွင် မန္တလေးမြို့၊ အိုးဘို (ဗဟို) အကျဉ်းထောင်၌ အကျဉ်းသားချင်း ရန်ဖြစ်ခဲ့ရာ တရားရင်ဆိုင် နေဆဲ အချုပ်သားတစ်ဦး သေဆုံးခဲ့သည်။ အိမ်ကျော်နင်းမှုဖြင့် မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင် နေရပြီး အိုးဘိုအကျဉ်းထောင်တွင် ချုပ်နှောင်ခြင်းခံထားရသော အချုပ်သား ကိုကျော်မျိုးသူသည် ချမ်းအေးသာစံမြို့နယ် တရား ရုံးတွင် မူးယစ်ဆေးဝါးမှုဖြင့် အမှုရင်ဆိုင်နေရသော ကိုကျော်ပြည့် ဖြိုးပိုင်အား လမ်းဖယ်ခိုင်းရာမှစတင်၍ စကားများ ရန်ဖြစ်ခဲ့ကြပြီး ၎င်းတို့နှစ်ဦး ထိုးကြိတ်ခဲ့ကြစဉ် ကိုကျော်ပြည့်ဖြိုးပိုင်နှင့် အမှုတွဲ တူသူများနှင့် အခြားအချုပ်သားများက ကိုကျော်မျိုးသူကို ဝင်ရောက်ထိုးနက်ခဲ့ကြသည်။ မန္တလေးအိုးဘို အကျဉ်းထောင် ထောင်ပိုင်ကြီး ဦးချိုဝင်းထွန်းမှ ကိုကျော်မျိုးသူကို အကျဉ်း ထောင်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြော ကြားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ရှိန် က တရားလုပ်ပြုလုပ်တိုင်ကြားခဲ့သည့်အတွက် အချုပ်သားငါးဦး ကို အောင်မြေသာစံမြို့နယ် အမှတ် (၂) နယ်မြေ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄တို့ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့ပြင် တာဝန်ကျ ထောင်ဝန်ထမ်းများကိုလည်း တာဝန်ပေါ့လျော့မှုဖြင့် အရေးယူမည့်အပြင် အကျဉ်းထောင်တွင် တာဝန်အရှိဆုံးဖြစ် သည့် မိမိကိုယ်တိုင်ကလည်း အရေးယူခံရမည်ဖြစ်ကြောင်း ထောင်ပိုင်ကြီး ဦးချိုဝင်းထွန်းက ထပ်မံပြောကြားခဲ့သည်။

## ▪ ထောင်တွင်းအခြေအနေများ

**အကျဉ်းထောင် ၂၆ ခုတွင် အကျဉ်းသား နှစ်သောင်းကျော် ပိုလျှံနေ**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များကို လိုက်လံစစ် ဆေးခဲ့ရာတွင် အကျဉ်းထောင် ၂၆ ခု၌ အကျဉ်းသားဦးရေ နှစ်သောင်းကျော်ခန့် ပိုလျှံလျက်ရှိသေးသည်ဟု ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အကျဉ်းထောင်များအတွင်းတွင်ရှိသော သက်ကြီးရွယ်အိုများ၊ မူးယစ်ပြစ်ဒဏ်ကျခံနေရသူများကို ပြန် လည်လွှတ်ပေးရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု အစိုးရထံ သို့ အကြံပြုစာပေးပို့ခဲ့ပြီးဖြစ်သည်။ ဧပြီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ လွှတ်ပေးခဲ့သော အကျဉ်းသားများသည် ကော်မရှင်၏ အကြံပြုချက်အတိုင်း ဖြစ်သော်လည်း အကျဉ်း ထောင်များအတွင်းတွင် ရှိသင့်သည်ထက် အကျဉ်းသားဦးရေ ပိုလျှံလျက်ရှိနေသေးသည်ဟု ဦးယုလွင်အောင်မှ ထပ်မံပြော ကြားခဲ့သည်။

ထို့ပြင် အကျဉ်းထောင်တချို့၏ အချုပ်ခန်းတချို့တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသေးသည်ဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။ ယခုကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိစေရန် အကျဉ်းထောင်များနှင့် ရဲအချုပ်ခန်းများကို စစ်ဆေးနေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တိုက်တွန်းသွားမည်ဟု ၎င်းမှ ထပ်လောင်းပြောကြားခဲ့သည်။

**မြောက်ဦးပဋိပက္ခကြောင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို ဆေးကုသမှုအပြည့်အဝပေးရန် မိသားစုတောင်းဆို**

မြောက်ဦးမြို့ ပဋိပက္ခကြောင့် စစ်တွေအကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ခံထားရသူ ရှစ်ဦးကို ဆေးကုသခွင့် အပြည့်အဝပေးရန် ၎င်းတို့၏ မိသားစုများမှ တောင်းဆိုခဲ့သည်။ ၎င်းတို့ ရှစ်ဦးအနက် ကိုအောင်ကျော်မြင့်၊ ကိုကျော်ကျော်နိုင်နှင့် ကိုထွန်းကျော်စိန်တို့သည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သောကြောင့် ခြေထောက်များတွင် စတီးရိုးများထည့်ထားရ၍ ကျန်းမာရေးအခြေအနေ အဆိုးဝါးဆုံးဖြစ်နေပြီး ကျန်ငါးဦးမှာ ကျန်းမာရေးအခြေအနေ မဆိုးဝါးသော်လည်း ဆေးကုသမှုအပြည့်အဝပေးစေလိုကြောင်း ၎င်းတို့မိသားစုဝင်များမှ ပြောကြားခဲ့သည်။ ဖမ်းဆီးတရားစွဲဆိုခံနေရသူများအနက် အသက် ၁၆ နှစ်ရှိ ကိုထွန်းကျော်စိန်သည် စစ်တွေမြို့ အကျဉ်းထောင်၌ ဖြေဆိုခဲ့သော နဝမတန်းစာမေးပွဲ အောင်မြင်သဖြင့် ဒသမတန်းတက်ရောက်ရန် အမြန်ဆုံးလွှတ်ပေးစေလိုကြောင်း ၎င်း၏ အစ်မဖြစ်သူ မသိန်းဝင်းက ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်အချုပ်အခြာအာဏာကျဆုံးခြင်းနေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို အာဏာပိုင်များမှ ပိတ်ပင်တားမြစ်ခဲ့သောကြောင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ အရပ်သား ခုနစ်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၂၃ ရက်နေ့တွင် ၎င်းတို့ ရှစ်ဦးကို စစ်တွေမြို့နယ်တရားရုံး၌ ခြောက်ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး စစ်ဆေးမှုတစ်စုံတစ်ရာ မရှိခဲ့ပါဟု သိရှိခဲ့ရသည်။

## ▪ ထောင်တွင်းအခြေအနေများ

**သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသား ၃၆ ဦး အပါအဝင် အကျဉ်းသား ၈၅၄၁ ဦး လွတ်မြောက်**

ဧပြီလ ၁၇ ရက်နေ့၊ မြန်မာနှစ်သစ်ကူးအခါသမယတွင် သမ္မတဦးဝင်းမြင့်မှ နိုင်ငံရေးအကျဉ်းသား ၃၆ ဦး၊ နိုင်ငံခြားသား ၅၁ ဦး အပါအဝင် အကျဉ်းသား ၈၅၄၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ယခင်က နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသူများကို ထောင်ကြွေးကျန်အဖြစ် သတ်မှတ်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ၊ ပုဒ်မခွဲ (၁) ဖြင့် စည်းကမ်းချက်များ ထုတ်ပြန်ကာ လွတ်ငြိမ်း ချမ်းသာခွင့်ပြုခဲ့သော်လည်း ထိုစည်းကမ်းချက်များကို ပယ်ဖျက်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။ လွတ်မြောက်လာသူအများစုသည် မူးယစ်ဆေးဝါးစွဲချက်များဖြင့် ထောင်ဒဏ်ကျခံနေရသူများဖြစ်သည်။ ကျန်သူများသည် တပ်မတော်အက်ဥပဒေကိုချိုးဖောက်ခြင်းနှင့် မတရားအသင်းဆက်နွယ်မှုစွဲချက်များဖြင့် ထောင်ဒဏ်ကျခံနေရသူများဖြစ်သည်။

ဖောက်ခွဲမှုအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၄၊ မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁) တို့ဖြင့် ထောင်ဒဏ် ၁၈ နှစ်ကျခံထားရသော ဦးလဖိုင်ဂမ်၊ ရက်ခိုင့်တပ်မတော်ဖလားခေါင်းစည်ဖြင့် ဘောလုံးပွဲကျင်းပခဲ့ခြင်းအတွက် မတရားအသင်း ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံထားရသော ဆရာ တော်ဦးနန္ဒသာရနှင့် ကိုခိုင် နီမင်းတို့ လွတ် ငြိမ်းချမ်းသာခွင့်နဲ့ စစ်တွေ အကျဉ်းထောင်မှ ဒီနေ့ ပြန်လည်လွတ်မြောက်လာ ခဲ့သည်။ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ မုံးကိုးဒေသတိုက်ပွဲများအတွင်း ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ကို သတင်းပေးပြုလုပ်၍ ထောက်ပံ့ပေးသည်ဟုဆိုကာ မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁)၊ ပို့ကုန်၊သွင်းကုန်အက်ဥပဒေ ပုဒ်မ ၈၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၀ တို့ဖြင့် ထောင်ဒဏ် လေးနှစ်နှင့်သုံးလ ချမှတ်ခံထားရသော ကချင် ဘာသာရေးခေါင်းဆောင် ဦးဒွယ်ဒေါ့နှောင်လတ်၊ မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁)၊ ပို့ကုန်၊သွင်းကုန်အက်ဥပဒေ ပုဒ်မ ၈ တို့ဖြင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံထားရသော ဦးလန်ဂျော်ဂမ်ဆိုင်း တို့သည် လွတ်ငြိမ်းချမ်းသာခွင့်ရရှိသော အကျဉ်းသားများအတွင်းတွင် ပါဝင်သည်။

**DVB သတင်းဌာနမှ လက်ပံတန်းမြို့ခံ အလွတ်တန်း သတင်းထောက်ကို တရားရုံးမှ အပြီးလွှတ်**

ဧပြီလ ၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်တရားရုံးမှ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၈(က)ဖြင့် တရားစွဲဆိုခြင်းခံထားရသော လက်ပံတန်းမြို့ ဒေသခံ၊ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်းဌာနမှ အလွတ်တန်းသတင်းထောက် ကိုဝဏ္ဏထွန်းအား အမှုမှ ကွင်းလုံး ကျွတ်လွှတ်ပေးခဲ့သည်။ တရားလိုဖြစ်သူ လက်ပံတန်းမြို့နယ်၊ ရေငန်အုပ်စုအုပ်ချုပ်ရေးမှူးမှ ထိုအမှုတွင် ကိုဝဏ္ဏထွန်း ပါဝင် ပတ်သက်မှုမရှိသည့်အတွက် အမှုအား ကျေအေးရုပ်သိမ်းပေးခဲ့၍ တရားရုံးက အမှုမှ ကွင်းလုံးကျွတ် လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက် ပျိုးစရိတ် ချေးငွေများကို ရေငန်အုပ်ချုပ်ရေးမှူးက ပိုမိုထုတ်ယူသည်ဆိုသည့် သတင်းကို ကိုဝဏ္ဏထွန်းမှ ရိုက်ကူးခဲ့ပြီး ထိုရုပ်သံဖိုင်ကို နစ်နာသူတောင်သူ များက တောင်းယူ၍ ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် တင်ခဲ့ရာမှ ဂုဏ်သိက္ခာထိခိုက်သည်ဟုဆိုကာ လိုင်းပေါ်တင် ခဲ့သူနှင့် သတင်းထောက် ကိုဝဏ္ဏထွန်းတို့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလက အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

- **နိုင်ငံရေးအကျဉ်းသားဟောင်းများ**

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အခမ်းအနားတွင် အပြာရောင် ဝတ်ဆင်လှုပ်ရှား**

ဧပြီလ ၂၁ ရက်နေ့တွင် ကျရောက်သော နိုင်ငံရေး အကျဉ်းသား ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ သဘာပတိ အဖွဲ့ဝင်ဟောင်း၊ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်သည့် လေးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဦးဝင်းတင်အား ဂုဏ်ပြုသောအားဖြင့် အဖွဲ့အစည်းများစွာသည် အပြာရောင် ဝတ်စုံများ ဝတ်ဆင်လှုပ်ရှားခဲ့ကြသည်။ ဦးဝင်းတင် သည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုသည့်အနေဖြင့် အပြာရောင် ထောင်ဝတ်စုံကို သေဆုံး သည်အထိ ဝတ်ဆင်ခဲ့သူဖြစ်သည်။

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**စစ်တပ်မှ ဖမ်းဆီးခဲ့သော ရွာသားတစ်ဦးပျောက်ဆုံးနေ**

မတ်လ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ် မြောက်ပိုင်း၊ ဆွမ်ပရာဘွမ်မြို့နယ်၊ လောင်ဝ်ရှယန်းရွာမှ ကလေးငါးယောက်၏ ဖခင်ဖြစ်သော ဝါဒူးခွန်အန်းကို တပ်မတော်ခြေလျှင်တပ်ရင်း ခလရ ၄၂၃ မှ ဖမ်းဆီးခဲ့သည်။ ထိုအချိန်မှစတင်ပြီး ဝါဒူးခွန်အန်းနှင့် ပတ်သက်၍ မည်သည့် သတင်းကိုမှ ရရှိခြင်း မရှိတော့ပါ။ ဝါဒူးခွန်အန်း၏ ဇနီးဖြစ်သူ ရှိုင်ဆိုင်းမှ သူမ၏ ခင်ပွန်းသည် ၎င်း၏သူငယ်ချင်းနှင့် ဆွမ်ပြည်ယန်ရွာကို သွားရောက်ခဲ့ပြီး အပြန်လမ်းတွင် မဆွမ်ဇွပ် ရွာနှင့် ထန်းခါးရွာကြား၌ ဖမ်း ဆီးခြင်း ခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ထိုသတင်းသည် သူမခင်ပွန်းနှင့် ပတ်သက်၍ နောက်ဆုံးကြားရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

လောဝ်ရှယန်း ရွာသားများသည် ဝါဒူးခွန်အန်းအားကြိုးစားရှာ ဖွေခဲ့သော်လည်း တွေ့ရှိခြင်းမရှိပါ။ ရွာသားများသည် ဝါဒူးခွန်အန်း သေဆုံးပြီဟု ယူဆနေကြသည်။ ကချင်ပြည်နယ်၊ မံစီမြို့နယ်၌ ကချင်စစ်ဘေးရှောင်နှစ်ဦးဖြစ်ကြသော ဦးနခွန်နော်ဆန်းနှင့် ဦးဖေါဂမ်ယော်နှစ်ဦးတို့ကို ဇန်နဝါရီလအတွင်း တပ်မတော် ခြေလျင်တပ်ရင်း ခလရ ၃၁၉ မှ ဖမ်းဆီး သတ်ဖြတ်ခဲ့ပြီးနောက် ယခုအမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကျောင်းသားလူငယ် သံချပ်အဖွဲ့လေးဖွဲ့ ဖျော်ဖြေမှု ပိတ်ပင်ခံရ**

ကျောင်းသားသမဂ္ဂအဖွဲ့ဝင် ကျောင်းသားလူငယ်များ ဦးဆောင်သော ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့၊ အိုးဝေပညာရေးနှင့် လူငယ်ရေးရာတို့ စီစဉ်တင်ဆက်သော ကျောင်းသား လူငယ်များ၏ အိုးဝေအသံ သံချပ်အဖွဲ့နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၏ ဒို့အသံ သံချပ်အဖွဲ့တို့ကို လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးအပါအဝင် တခြားမြို့နယ်အုပ်ချုပ်ရေးမှူးများမှ ဆင်ဆာခွင့်ပြုချက်ရရှိထားခြင်း မရှိသည့် အတွက် ဧပြီလ ၁၅ ရက်နေ့တွင် ဖျော်ဖြေခွင့် ပိတ်ပင်ခဲ့သည်။ ဒေါင်းတို့မျိုးဆက် သံချပ် အဖွဲ့သည် ရန်ကုန်မြို့၏ စင်မြင့် များပေါ်တွင် ဖျော်ဖြေခဲ့သည်မှာ ခြောက်နှစ် ရှိပြီဖြစ်ပြီး ၎င်းတို့၏ သံချပ်စာသားများကို တစ်ကြိမ်တစ်ခါမှ ဆင်ဆာမတ င်ခဲ့ဖူးကြောင်း သံချပ်အဖွဲ့သားများက ပြောကြားခဲ့ကြသည်။ မဏ္ဍပ်များတွင် သံချပ်ထိုးခွင့် ပိတ်ပင်ခြင်းခံခဲ့ရ သော်လည်း ဧပြီလ ၁၆ ရက်နေ့ ညနေခင်းတွင် ထိုသံချပ်သုံးဖွဲ့ပေါင်းပြီး ရန်ကုန်မြို့၊ သုဝဏ္ဏ အားကစားကွင်းရှေ့တွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့ပြင် ဧပြီလ ၁၄ ရက်နေ့ညတွင် ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များ စုစည်းတည်ထောင်ထားသော "ဟိုထိုးဒီထိုး ရွှေလက်ညှိုးကျောင်းသားသံချပ်အဖွဲ့"သည် မန္တလေးမြို့တော် ဝန်မဏ္ဍပ်တွင် ဝင်ရောက်ယှဉ်ပြိုင်နေစဉ်တွင် ဆင်ဆာဖြတ်တောက်ထားသည့် စာသားများထည့် သွင်း၍ သံချပ်ထိုးခဲ့ခြင်း အတွက် မိုက်ပိတ်ခြင်းခံခဲ့ရသ ည်။ သံချပ်အဖွဲ့က ဖျော်ဖြေရေး တာဝန်ခံ ကိုသိုက်ထွေးမှ မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့်ပတ်သက်သော ဧ ဂဖန်ချက်များ၊ ငြိမ်းချမ်းရေး ကိစ္စနှင့် ပတ်သက်သော အကြောင်းအရာများကို ဆင်ဆာဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်

**ကချင်တိုင်းရင်သားနှစ်ဦး သတ်ဖြတ်ခံရမှု စုံစမ်းအရေးယူပေးရန် တောင်းဆို**

ကချင်စစ်ဘေးရှောင် နှစ်ဦးဖြစ်ကြသည့် ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့ သတ်ဖြတ်ခြင်းခံခဲ့ရသည့်ကိစ္စနှင့် ပတ်သက်ပြီး မြန်မာအာဏာပိုင်များအနေဖြင့် မြန်ဆန်စွာ စုံစမ်းအရေးယူပေးရန်၊ အသတ်ခံရသူ ဦးဖေါဂမ်ယော်၏ ချွေးမဖြစ်သူ ဒေါ်ကော့အောင်အား တပ်မတော်မှ ဗိုလ်ကြီး ကျော်ထွန်းအောင်က KIA နှင့် အဆက်အသွယ်ရှိသည်ဟု ဆိုကာ မတရား အသင်းဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် တရားစွဲဆိုထားသည်ကို ပြန်လည်ရုပ်သိမ်းရန် Forify Rights အဖွဲ့အစည်းမှ တောင်းဆိုခဲ့သည်။ ထို့ပြင် အသတ်ခံရသူ မိသားစုများ၏ တိုင်ကြားချက်အရ လူသတ်မှုဖြင့် အမှုဖွင့် စစ်ဆေးနေသည့် ကာလအတွင်း စစ်တပ်ဘက်မှ ပြန်၍ အသတ်ခံရသူတစ်ဦး၏ ချွေးမဖြစ်သူ ဒေါ်ကော့အောင်အား အမှုဖွင့်လာခြင်းကြောင့် လုံခြုံရေးအတွက်စိုးရိမ်၍ မိသားစု ဝင်များ ပုန်းအောင်းနေကြရကြောင်းလည်း Fortify Rights အဖွဲ့မှ ထုတ်ဖော်ပြောဆိုခဲ့သည်။ ကချင်ပြည်နယ်၊ မံစီကျေးရွာရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၏ ခေါင်းဆောင်ဖြစ်သူမှ ဒေါ်ကော့အောင်အား ဖမ်းဆီးရန်အတွက် စစ်တပ်မှ ဒေါ်ကော့အောင်၏ အိမ်သို့ မကြာခဏလာရောက်ရှာဖွေကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်မှ ကချင်ပြည်၊ မံစီမြို့နယ်၌ ကချင် စစ်ဘေးရှောင် နှစ်ဦးဖြစ်ကြသည့် ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့ကို ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ၎င်းတို့နှစ်ဦး၏ ရုပ်အလောင်းများကို သေနတ်ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့သည်။

**ရှမ်းပြည်နယ်တွင်း TNLA မှ ဖမ်းဆီးထားသူ ငါးဦးကို ပြန်လွှတ်ပေးခြင်း မရှိသေး**

တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) မှ မတ်လ ၂၁ ရက်နေ့တွင် ဖမ်းဆီးသွားခဲ့သော ကလေးငယ်များအပါအဝင် ဒေသခံ ၂၁ ဦးအနက် ငါးဦးကို ပြန်လွှတ်ပေးခြင်းမရှိသေးကြောင်းသိရှိခဲ့ရသည်။ ထို့ပြင် TNLA မှ ဖမ်းဆီးခံထားရသူများ၏ မိသားစုများအား ဖမ်းဆီးခြင်းခံထားရသူများကို ပြန်ရွေးရန် ကျပ်ငွေ ဆယ်သိန်းမှ သုံးဆယ့်ခြောက်သိန်းအထိ တောင်းဆိုခဲ့သည်။ သို့သော်လည်း ဧပြီလ ၉ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်းပြည်သူ့စစ်၏ ပြောေ ရးဆိုခွင့်ရှိသူမှ TNLA အဖွဲ့သည် ရှောင်တခွင် မူးယစ်ဆေးဝါး ရှာေ ဖွခြင်းဖြစ်ပြီး မည်သည့် ရွာသားများကိုမှ ဖမ်းဆီး၍ ပြန်ပေးဆွဲခြင်းမရှိပါဟု ပြောကြားခဲ့သည်။

**အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မတီ တိုင်ကြားစာပေါင်း ၆၀၀ခန့် လက်ခံရရှိ**

နိုင်ငံတော်၏ ဘဏ္ဍာငွေကို ကောင်းစွာ စီမံမှုမရှိခြင်းနှင့်ပတ်သက်၍ တိုင်ကြားစာ ၆၀၀ခန့်ကို လစဉ် လက်ခံရရှိသည်ဟု အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မတီအဖွဲ့ဝင်များမှ ပြောကြားခဲ့သည်။ ပျမ်းမျှအားဖြင့် လစဉ် တိုင်ကြားစာပေါင်း ၆၀၀ခန့်လက်ခံရရှိ သော်လည်း တိုင် ကြားစာ ၁၅ စောင်ကိုသာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် စွဲချက်တင်နိုင်ခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးလျှက်ရှိသော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေ ြပင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပြီးပါက ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ပို၍အကျိုးသက်ရောက်မှုရှိမည်ဟု ကော်မတီဝင်များမှ ထပ်မံပြောကြားခဲ့သည်။

**ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ရှမ်းနီတောင်သူ ခြောက်ဦး ပျောက်ဆုံး**

ဧပြီလ ၁၀ ရက်နေ့တွင် တပ်မတော် စစ်တပ်၏ ခြေလျင်တပ်ရင်းဌာန ၃၉၀ နှင့် အမှတ် (၃) စစ်ဆင်ရေး ကွပ်ကဲမှုဗဟိုဌာနချုပ် တည်ရှိရာဒေသတွင် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် တပ်မတော်တို့ တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး ရှမ်းနီတောင်သူ ရှစ်ဦးသည် ပျောက်ဆုံးသွားခဲ့သည်။

ဧပြီလ ၁၂ ရက်နေ့တွင်၊ ကချင်ပြည်နယ်၊ အင်းတော်ကြီးဒေသ၌ KIA နှင့် ြ မန်မာစစ်တပ်တို့ တိုက်ပွဲ ထပ်မံဖြစ်ပွားခဲ့ပြီး အေးတူးလေးရွာ မှ ဒေသခံများသည် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြ ၏သည်။

**ငြိမ်း၊စု၊စီဥပဒေပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည်**

မေလ ၁၄ ရက်နေ့တွင် ပြန်လည်စတင်မည့် ြ ပည်သူ့လွှတ်တော်အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ)ဥပဒေ ပြင်ဆင်ချက်များကို ဆွေးနွေးမည်ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မတ်လတွင် ပြင်ဆင်ချက်မားကို အမျိုးသားလွှတ်တော်မှ အတည်ပြုမည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုးမှ ငြိမ်း၊စု၊စီဥပဒေ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီး မတ်လ ၁၉ ရက်နေ့တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များမှ ထိုပြင်ဆင်ချက်များကို အတည်ပြုခဲ့သည်။ သို့သော်လည်း ပြင်ဆင်ချက်များတွင် ဆန္ဒပြခြင်းအပေါ် တင်းကျပ်သော ကန့်သတ်ချက်များ ပါဝင်ခြင်းကြောင့် အရပ်ဖက်အဖွဲ့စည်းများမှ ပြင်ဆင်ချက်များကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

**လမ်းအဆင့်မြှင့်တင်မှု စီမံကိန်းအတွက် ကျူးကျော်နေထိုင်သူများ နှင်ထုတ်ခံခဲ့ရ**

ဧပြီလ ၂၅ ရက်နေ့တွင် မန္တလေးရှိ ကျူးကျော်သူများ နေထိုင်သော တဲ ၆၀ ကျော်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဖြိုဖျက်ခဲ့သည်။ ခြောက်လမ်းသွားလမ်း

အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် ၂၀၁၇ ခုနှစ်တွင် ကျူးကျော်နေထိုင်သူများသည် ၎င်းတို့၏ တဲအိမ်များမှ နှင်ထုတ်ခြင်းခံခဲ့ရသည်။ ကျူးကျော်နေထိုင်သူများသည် ထိုမြေနေရာတွင် စီမံကိန်းမစတင်မီ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကတည်းက နေထိုင်ခဲ့ကြသူများဖြစ်သည်။ ကျူးကျော်နေထိုင်သူတစ်ဦးမှ အစိုးရအာဏာပိုင်များသည် ၎င်းတို့အတွက် နေရာထိုင်ခင်း အစားပြန်ပေးလိမ့်မည် မဟုတ်ဟု ပြောကြားခဲ့သည်။

**တောင်ငူ ကရင်လူထုတွေ့ဆုံပွဲကို အာဏာပိုင်များမှ လာရောက်ဟန့်တားသဖြင့် အစီအစဉ်တချို့ဖျက်သိမ်းခဲ့ရ**

တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ပြုလုပ်သည့် တောင်သူကရင်လူထုတွေ့ဆုံပွဲ (Public Consultation )အား အာဏာပိုင်များမှ လာရောက်ဟန့်တားမှုများပြုလုပ်ခဲ့သည့်အတွက် သုံးရက်တာ ပြုလုပ်မည့် အစီစဉ်တချို့ကို ဖျက်သိမ်းခဲ့ရသည်။ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ (KNDCC) မှ အဆိုပါ လူထုတွေ့ဆုံ ပွဲကို ဦးဆောင်ခြင်းဖြစ်ပြီး ထိုတွေ့ဆုံပွဲကို ဧပြီလ ၂၄ ရက်မှ ၂၅ ရက်နေ့အထိ ထန်းတပင်မြို့နယ်တွင် ပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုအား အသိပေးရှင်းလင်းခြင်းအပြင် ငြိမ်းချမ်းရေးတွင် ပြည်သူလူထုများ ပူးပေါင်းပါဝင်မှု အားေ ကာင်းလာစေရန်အတွက် ရည်ရွယ်၍ ယခုကဲ့သို့ လူထုတွေ့ဆုံပွဲများကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း KNDCC မှပြောကြားခဲ့သည်။

**တပ်မတော်၏ ပစ်ခတ်မှုေ ကြာင့် ကူညီထောက်ပံ့ရေးအဖွဲ့ဝင် တစ်ဦး သေဆုံး**

ကရင်ပြည်နယ်၊ မူတြော်ခရိုင်အရေးပေါ် ကူညီထောက်ပံ့ရေးအဖွဲ့ (MEAT)၏ အဖွဲ့ ဝင် တစ်ဦးဖြစ်သူ လယ်မူပလောရွာသား စောအိုမူးသည် ဧပြီလ ၅ ရက်နေ့တွင် လယ်မူပလောဒေသသို့ပြန်လာစဉ် လမ်းခုလပ်၌ တပ်မတော်၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သည်ဟု ဧပြီလ ၉ ရက်နေ့တွင် MEAT မှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ လူမှုကယ်ဆယ်ရေး လုပ်ဆောင်နေသူ အပြစ်မဲ့ပြည်သူတစ်ဦး ဖြစ်သည့် စောအိုမူးကို ပစ်သတ်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သလို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ချိုးဖောက်ရာရောက်သည်ဟု ကြေညာချက်ထဲတွင် ဖော်ပြထားသည်။ သေဆုံးသူ စောအိုမူးမှာ MEAT အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သလို ကရင်အမျိုးသားအစည်းအရုံး (KNU)၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ခေးပူရွာနှင့် လွယ်မူပလောကို ဆက်သွယ်ထားသည့်လမ်းတွင် တပ်မတော်မှ လမ်းဖောက်လုပ်ရေးများ လုပ်ဆောင်နေစဉ် မိုင်းထောင်ရန် ကားလမ်းပေါ် တက်လာသည့် မသင်္ကာဖွယ် အရပ်ဝတ် နှစ်ဦးကို ပစ်ခတ်ဖမ်းဆီးခဲ့ပြီး တစ်ဦးသေဆုံးခဲ့ သည်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက ဧပြီလ ၁၁ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

တပ်မတော်၏ သတင်းထုတ်ပြန်ချက်နှင့် လူ့အခွင့်အရေး အဖွဲ့များ၏ ပြောကြားချက်များ တူညီခြင်းမရှိသည့်အတွက် ထိုကိစ္စကို စုံစမ်းစစ်ဆေးပေးရန် လိုအပ်ကြောင်း ညီမျှခြင်းမြန်မာအဖွဲ့က ဒါရိုက်တာ ဦးအောင်မျိုးမင်းမှ ပြောကြားခဲ့သည်။ မူတြော်ခရိုင်၊ ဖာပွန်ဒေသ၊ လယ်မူပလောဒေသတဝိုက်တွင် မတ်လဆန်းက စတင်၍ အစိုးရတပ်မတော်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တို့ တိုက်ပွဲများဖြစ်ပွားနေပြီး ရွာေ ပါင်း ၁၆ ရွာမှ ဒေသခံ နှစ်ထောင်ကျော်သည် နီးစပ်ရာနေရာများတွင် ထွက်ပြေးခိုလှုံနေကြရသည်။

- **လယ်ယာမြေအငြင်းပွားမှုများ**

**သိမ်းဆည်းမြေများ ပြန်လည်ရရှိရေး တောင်သူများ ဆန္ဒပြ**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မထောခုနှင့် ဇရပ်ဖြူရေ ၄တ်တောင် ကျေးရွာများမှ သိမ်းဆည်းထားသော လယ်ယာမြေများ ပြန်လည် ရရှိ ရန် အတွက် ဧပြီလ ၂၃ ရက်နေ့တွင် ဒေသခံ တောင်သူ ၄၀၀ ခန့်သည် လွိုင် ကော်မြို့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တွင် ဒေသခံ တောင်သူ ၈၅ ဦး ပိုင်ဆိုင်ေ သာ လွိုင် ကော်မြို့နယ်၊ မ ထောခုကျေးရွာအုပ်စုရှိ မြေဧက ၃၅၂ ဧကကို နယ်မြေလုံခြုံရေးအတွက် ဒေသကွပ်ကဲမှု ဌာနချုပ် (ဒ.က.စ)မှ သိမ်းယူခဲ့သည်။ ဒ .က.စ မှသိမ်းယူခဲ့သော မြေဧကများအနက် ဧက ၁၀၀ ကျော်ကို စရဖတပ် မှူး (ငြိမ်း) ဦးထွန်းရွှေကို ပြန်လည်ရောင်းချပေးခဲ့ပြီး မြေစာရင်းဦးစီးဌာနမှ ပုံစံ ၇ ထုတ်ပေးခဲ့သောကြောင့် ဒေသခံ တောင်သူ

များက မ ကျေနပ်၍ စု ပေါင်း ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြေယာသိမ်းဆည်းခြင်းခံထားရသော ဒေသခံ တောင်သူ ဦးဆိုတေးရိုမှ မြေသိမ်းခံရသည့်အတွက် လုပ်ကိုင်စားသောက်ရန် လယ် ယာမြေများ မရှိ၍ စားဝတ်နေရေးမပြေလည်သော ကြောင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့ သည်။

ထိုမြေယာများနှင့်ပတ်သက်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်များတွင် စိစစ်နေသည်ဟု ကယား ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ဆ ည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုမှ ပြောကြားခဲ့သည်။

## ဖားကန့်တွင် ကုမ္ပဏီများက မြေသိမ်းခြင်းအတွက် တစ်ကိုယ်တော်ဆန္ဒပြ

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ၊ အောက်ချိုင့်ရပ်ကွက်ရှိ မြေနေရာကို ကုမ္ပဏီများမှ သိမ်းဆည်းထားခြင်းအတွက် ဧပြီလ ၂ ရက်နေ့တွင် မြစ်ကြီးနားမြို့၌ ဦးထွန်းထွန်းမှ တစ်ကိုယ်တော်ဆန္ဒပြခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က ရတနာကြာဖြူ ကုမ္ပဏီနှင့် စိမ်းလဲ့ရတနာ ကုမ္ပဏီတို့မှ သိမ်းယူခဲ့သော မြေများအတွက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဖားကန့် ဒေသခံများက ဆန္ဒပြတောင်းဆိုခဲ့သော်လည်း ဖြေရှ င်းပေးခြင်း မရှိ၍ ယခုကဲ့သို့ တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဦးထွန်းထွန်းမှ ပြောကြားခဲ့သည်။ ထို့ပြင် မြေများကို သိမ်းဆည်းခဲ့ပြီးနောက် နစ်နာကြေး တစ်စုံတစ်ရာမပေးခဲ့ခြင်းအတွက် ကချင်ပြည်နယ် အစိုးရက ကွင်းဆင်းဆောင်ရွက်ပေးပါရန်လည်း တောင်းဆိုခဲ့သည်။

## CNPC နှင့် MOGE တို့ကို အလိုမရှိကြောင်း အမ်းတောင်သူဒေသခံ ၁၀၀ခန့် အစာငတ်ခံ ဆန္ဒပြ

ရခိုင်ပြည်နယ် အမ်းမြို့အတွင်း ဖြတ်သန်းသွားသည့် မြန်မာ - တရုတ် ဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းကြောင့် ထိခိုက်နစ်နာခဲ့ရမှုများကို ဖြေရှင်းပေးခြင်း မရှိသည့်အတွက် ဧပြီလ ၇ ရက်နေ့တွင် ဒေသခံ ၁၀၀ ခန့်က CNPC တရုတ်ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) ကို အမ်းမြို့နယ် CNPC တရုတ်ကုမ္ပဏီရုံးရှေ့တွင် အစာငတ်ခံဆန္ဒပြခဲ့ကြသည်။ ပြည်နယ်အစိုးရဘက်က လျော်ကြေးပေးရန် ဆုံးဖြတ်ထားသည့် အပေါ် CNPC နှင့် MOGE တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၍ မတ်လအတွင်းတွင် ပထမအကြိမ် ဆန္ဒထုတ်ဖော်ခဲ့သော်လည်း တုံ့ပြန်မှု မရှိသည့်အတွက် ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်။ အဆိုပါ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အကောင်အထည်ဖော်ခြင်းအတွက်ကြောင့် အမ်းဒေသခံတောင်သူ တို့၏ မြေယာဧကပေါင်း ၁၆၀၀ ခန့် ဆုံးရှုံးခဲ့ရသည်။

## စွန့်လွှတ်မြေဧက ၁၆၀ကို မူလပိုင်ရှင် လယ်သမားများ ပြန်လည်ရရှိခြင်းမရှိ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

ပဲခူးတက္ကသိုလ်မှ ပြန်လည်စွန့်လွှတ်မြေဧက ၁၆၀ အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်သမားများ ထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ အစိုးရစက်မှုလက်မှုသိပ္ပံစာသင်ကျော င်းအဖြစ် ဆောက်လုပ်ရန် စီစဉ်နေသောကြောင့် ဧပြီလ ၃ ရက်နေ့တွင် လယ်သမား ၅၀ ကျော်စုပေါင်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြေ ၅၉၉ ဧကအား သိမ်းဆည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းမရှိသည့်အတွက် ပြည်သူများက ပြန်လည်စွန့်လွှတ်ပေးရန် နိုင်ငံတော်အစိုးရထံ အကြိမ်ကြိမ်တင်ပြခဲ့၍ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ပဲခူးတက္ကသိုလ်မှ မြေဧက ၁၆၀ ကို ပြန်လည်စွန့်လွှတ်ပေးခဲ့သည်။ အဆိုပါစွန့်လွှတ်မြေများနှင့် ပတ်သက်၍ တောင်သူများ နစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားခဲ့သည်။

## ယခင်အစိုးရလက်ထက်က သိမ်းဆည်းခြင်းခံခဲ့ရသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

ယခင်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် လမ်းဖောက်လုပ်ရန်နှင့် ဝန်ထမ်းအိမ်ယာတည်ဆောက်ရန် သိမ်းဆည်းခဲ့သော နေပြည်တော်ကောင်စီအတွင်းရှိ လယ်ယာမြေဧက ၅၀ နီးပါးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ လျော်ကြေးငွေစုစုပေါင်း ၅၀၀ ကျော်ကို မူလတောင်သူများထံ ဧပြီလ ၉ ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။ ထို့ပြင် သီးနှံလျော်ကြေးများကိုလည်း ထိုက်သင့်သော ဈေးနှုန်းဖြင့် ပေးခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေတွင် လယ်ယာမြေအမှုပေါင်း ၃၃၀ ကျော်ရှိသည့်အနက် ၈၀ ကျော်ကို ဖြေရှင်းပေးခဲ့ပြီး ဖြစ်ပြီး ယခုနှစ်တွင် မြေယာလျော်ကြေး သိန်းတစ်ထောင်နှင့် လာမည့်နှစ်အတွက် သိန်းငါးေ ထောင်လျာထားသည်ဟု သိရှိရသည်။

**အာဆီယံလမ်းနှင့် မလွတ်ကင်း၍ နေအိမ်ဖျက်ပေးရသူများ နစ်နာကြေးမရသေး**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်တောင်ဘက်၊ ကွင်းဆိပ်ကျေးရွာအနီးတွင် အာဆီယံလမ်း ဖောက်လုပ်ရာ၌ လမ်းနယ်နိမိတ်နှင့်မလွတ်ကင်း၍ နေအိမ်ဖျက်ပေးခဲ့ရသော အိမ်ထောင်စုတစ်ချို့ နစ်နာကြေးမရရှိသေးကြောင်း ကွင်းဆိပ်ကျေးရွာ ဒေသခံများမှ ပြောကြားခဲ့သည်။ အာဆီယံ လမ်းမကြီးကို ၂၀၁၈ နှစ်ဦးပိုင်းကတည်းက စတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်လျှက်ရှိပြီး လမ်းနှင့် မလွတ်ကင်းသည့် လူနေအိမ် ၁၉ လုံးအနက် ငါးလုံးသာ နစ်နာကြေးရရှိသေးကြောင်း အိမ်ဖျက်ခံရသူ ဒေသခံတစ်ဦးမှ ပြောကြားခဲ့သည်။ ကွင်းဆိပ်ကျေးရွာနေ ဦးရန်နောင်မှလည်း ကျေးရွာအုပ်ချုပ်ရေးမှူးသည် ၎င်းနှင့် အလျဉ်းသင့်သော အိမ်ထောင်စုများကို လမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ တစ်အိမ်ကို ၂၅ သိန်းမှ ၁၅ သိန်းခန့်အထိပေးထားပြီး အိမ်ထောင်စု ၁၄ စုခန့်သည် နစ်နာကြေးရရှိရန် ကျန်ရှိနေသေးသည်ဟု ပြောကြားခဲ့သည်။ ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းမှ လမ်းနယ်မြေနှင့် မလွတ်ကင်းသည့် အိမ်၊ခြံ၊မြေများကို ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် နစ်နာကြေးပေးချေခဲ့သော်လည်း မရရှိသူများက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တိုင်ကြားထားကြောင်း ပြောကြားခဲ့သည်။

**နှစ်နှစ်အတွင်း မြေယာပြဿနာ၁၀%သာ ဖြေရှင်းနိုင်ခဲ့**

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရ တာဝန်ယူသည့် နှစ်နှစ်တာ ကာလအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေး ဗဟိုကော်မတီသို့ တိုင်ကြားခဲ့သည့် အမှုပေါင်း ၆၃၀၀ ရှိသည့်အနက် အမှုပေါင်း ၆၆၀ ကိုသာ ဖြေရှင်းပေးနိုင်ခဲ့သည်ဟု ထိုကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပသည့် ကော်မတီအစည်းအဝေး တွင် ပြောကြားခဲ့သည်။ ထိုကော်မတီတွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် တချို့မှလည်း ယခင်အစိုးရဟောင်းများ လက်ထက်တွင် မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ သိမ်းဆည်းခဲ့သည့် လယ်ယာမြေများနှင့် ပတ်သက်သော အမှုများကို ယခုထိ ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ ဟုပြောကြားခဲ့ သည်။ တချို့မြေသိမ်းဆည်းမှုများတွင် သိမ်းဆည်းထားသည့်သူများနှင့် ယခုတာဝန်ယူ စစ်ဆေးနေသူများကြား ဆက်စပ်မှုများရှိနေသည့်အတွက် အမှုများကို ဖြေရှင်းရာတွင် ကြန့်ကြာမှုများဖြစ်ပေါ်နေခြင်းဟု ထိုကော်မတီအဖွဲ့ဝင်တချို့မှ ပြောကြားခဲ့သည်။

**လယ်ယာမြေအငြင်းပွားမှုအပါအဝင် တောင်သူများကို ထောင်ဒဏ်ချမှတ်ခြင်းအတွက် ဆန္ဒ ထုတ်ဖော်**

လယ်ယာမြေအငြင်းပွားမှု အပါအဝင် တောင်သူ များကို မတရားထောင်ဒဏ်ချမှတ်ခြင်းအတွက် ဧပြီလ ၂၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ တောင်သူ ၂၀၀ ခန့် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ သံတွဲမြို့ တောင်သူလယ်သမားသမဂ္ဂအပါအဝင် မတရားထောင်ဒဏ်ချမှတ်ခံရသူများ၏ မိသားစုဝင်များ၊ ဒေသခံ တောင်သူများမှ ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည့် အပြင် သံတွဲမြို့နယ် နက် မော်တောင်တွင် အငြင်းပွားနေသော မြေယာကိစ္စနှင့်ပတ်သက်၍ သံတွဲမြို့နယ် တရားရုံး တရားသူကြီး ဦးကျော်ဇံဝင်းမှ တောင်သူ ဦးကျော်စိုးကို အလုပ်နှင့် ထောင်ဒဏ် နှစ်လ ချမှတ်ခဲ့ခြင်းကိုလည်း ကျေနပ်ခြင်းမရှိ၍ ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည်။

**မွန်ပြည်နယ်ရှိ တောင်သူများမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကို ဆန္ဒပြ**

ဧပြီလ ၃ ရက်နေ့တွင် မွန်ပြည်နယ်ရှိ တောင်သူ ၈၀ ခန့်မှ မွန်ပြည်နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကို မုတ္တမ ရှိ မြေနကျွန်း ခွဲဝေရေးကိစ္စနှင့် ပတ်သက်၍ ဆန္ဒပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် မြေယာမဲ့တောင်သူများသည် ဦးထွန်မင်းအောင်ကို ထိုကိစ္စနှင့် ပတ်သက်၍ အကြိမ်ကြိမ် အကူအညီ တောင်းခံခဲ့သော်လည်း တုံ့ပြန်ကူညီဆောင်ရွက်ခြင်းမရှိသောကြောင့် ယခု ကဲ့သို့ ဆန္ဒပြရခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲကို ဦးဆောင်သူ ဦးခင်မောင်ထွေးမှ ပြောကြားခဲ့သည်။

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

**သမ္မတသက်တမ်းတွင် ပြုလုပ်သွားမည့် အစီအစဉ်များကို သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြား**

သမ္မတသစ်အဖြစ် ရွေးချယ်ခြင်းခံရသော နိုင်ငံရေးအကျဉ်းသား ဟောင်း သမ္မတ ဦးဝင်းမြင့်မှ ၎င်း၏ သမ္မတသက်တမ်းတွင် ပြုလုပ်သွားမည့် အစီအစဉ်များကို မိန့်ခွန်းပြောကြားခဲ့ သည်။ သမ္မတ၏ အဖွင့်အမှာစကားတွင် ဒီမိုကရေစီနည်းလမ်းကျသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်မည်ဖြစ်ကြောင်း ကတိပြုခဲ့ သည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေး၊ လယ်ယာမြေသိမ်း ဆည်းမှုနှင့် ပက် သက်သော အမှုများကို ဖြေရှင်းပေးရေး၊ တရားရေးမဏ္ဍိုင်နှင့် အစိုးရဌာနများကို ပြန်လည် ပြုပြင်ပြောင်းလဲရေး တို့ကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**အကျဉ်းထောင် လေးခုတွင် ကျန်းမာရေးအဆောက်အအုံများ တည်ဆောက်**

အင်းစိန်၊ မန္တလေး၊ ၂ မစ်ကြီးနားနှင့် လာရှိုးစသည့် အကျဉ်းထောင်လေးခုတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့် အဆောက်အအုံများကို တည်ဆောက်လျှက်ရှိသည်။ ထိုထောင်လေးခုအနက် အင်းစိန်ထောင်နှင့် မန္တလေးထောင်သည် အကျဉ်းသားဦးရေ အများဆုံးရှိသော အကျဉ်းထောင်များဖြစ်ပြီး လားရှိုးနှင့် မြစ်ကြီး နား ထောင်သည် ထောင်တွင်း ဆေးရုံ မရှိသော ထောင်များဖြစ်သည်။ အင်းစိန်၊ လားရှိုးနှင့် မြစ်ကြီးနားထောင်များတွင် ကျန်းမာရေးအဆောက်အအုံများကို ၂၀၁၇ ခုနစ်ကတည်းက စတင်၍ တည်ဆောက်ခဲ့သောကြောင့် မကြာခင်ပြီးစီးတော့မည်ဖြစ်သည်။

ထိုအဆောက်အအုံများကို နိုင်ငံတကာ ရန်ပုံငွေ ေ ထာက်ပံ့ရေး အစီအစဉ်တစ်ခုဖြစ်သော ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် သုံးမျိုး ရန်ပုံငွေ (3MDG) မှ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ တည်ဆောက်ပေးခြင်းဖြစ်သည်ဟု အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ပြောကြားခဲ့သည်။

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

- ကချင် အရပ်ဘက်အဖွဲ့ကို ဦးဆောင်သူ တစ်ဦးအား အာဏာပိုင် များမှ ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

- လွန်းညစ်ပြကျေးရွာမှ ဒေသခံလယ်သမားများကို တရားစွဲ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

- မြေနှင့် သီးနှံလျော်ကြေးများရရှိရန် ဆန္ဒပြသူများ အနက် ဦးဆောင် သူ လေးဦးကို အမှုဖွင့်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## တရားရင်ဆိုင်ရခြင်းများ

- ရိုက်တာသတင်းထောက်နှစ်ဦးကို စွဲချက်မတင်မီ လွှတ် ပေးရန် လျှောက်ထားချက်အား ပယ်ချ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ AP News
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ 7 Day Dialy/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဒီဗွီဘီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ Frontier
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဧရာဝတီ

- ကလေးစစ်သားဖောင်း ကိုအောင်ကိုထွေး ဆက်လက်တရား ရင်ဆိုင်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဒီဗွီဘီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- ဝက်မေးရွာသူနှစ်ဦး အာမခံဖြင့် လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ The Voice/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- စစ်ပွဲအလိုမရှိကြောင်း ပြဇာတ်ကပြခဲ့သည့် ကျောင်းသားရှစ်ဦးကို ငွေဒဏ်ချမှတ်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဒီဗွီဘီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ

## ထောင်တွင်းအခြေအနေများ

- မန္တလေးအိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသား အချင်းချင်းရန်ဖြစ်ရာမှတစ်ဦးသေဆုံး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်။ ဘီဘီစီ/မြန်မာ

- အကျဉ်းထောင် ၂၆ ခုတွင် အကျဉ်းသား နှစ်သောင်းကျော် ပိုလျှံနေ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

- မြောက်ဦးပဋိပက္ခကြောင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို ဆေးကုသမှုအပြည့်အဝပေးရန် မိသားစုတောင်းဆို
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ The Voice/မြန်မာ

## ထောင်တွင်းအခြေအနေများ

- သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေး အကျဉ်းသား ၃၆ ဦး အပါအဝင် အကျဉ်းသား ၈၅၄၁ ဦး လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ HRW
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဒီဗွီဘီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဧရာဝတီ

- DVB သတင်းဌာနမှ လက်ပံတန်းမြို့ခံ အလွတ်တန်း သတင်းထောက်ကို တရားရုံးမှ အပြီးလွှတ်

၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ ဧရာဝတီ/မြန်မာ

## နိုင်ငံရေးအကျဉ်းသားဟောင်းများ

- သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အခမ်းအနားတွင် အပြာရောင် ဝတ်ဆင်လှုပ်ရှား
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ BNI

## နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ် ခွင့် အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ

- စစ်တပ်မှဖမ်းဆီးသော ရွာသားတစ်ဦး ပျောက်ဆုံးနေ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ ကချင်သတင်း

- ကျောင်းသားလူငယ် သံချပ်အဖွဲ့လေးဖွဲ့ ဖျော်ဖြေမှု ပိတ်ပင်ခံရ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ 7 Day Daily/မြန်မာ

- ကချင်တိုင်းရင်သားနှစ်ဦး သတ်ဖြတ်ခံရမှု စုံစမ်းအရေးယူပေးရန် တောင်းဆို
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဧရာဝတီ

- ရှမ်းပြည်နယ်တွင်း TNLA မှ ဖမ်းဆီးထားသူ ငါးဦးကို ပြန် လွှတ်ပေးခြင်း မရှိသေး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ

- အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မတီ တိုင်ကြားစာပေါင်း ၆၀၀၀ခန့် လက်ခံရရှိ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ မြန်မာတိုင်း

- ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ရှမ်းနီ တောင်သူ ခြောက်ဦး ပျောက်ဆုံး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ မစ္ဆိမ

- ငြိမ်း၊စု၊စီဉပဒေပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးမည်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ အီလဲဗင်း

- လမ်းအဆင့်မြှင့်တင်မှု စီမံကိန်းအတွက် ကျူးကျော်နေထိုင်သူများ နှင်ထုတ်ခံခဲ့ရ
  ၂၀၁၈ ခုနှစ်၊ ဧပြီ ၂၆၊ အီလဲဗင်း

- တောင်ငူ ကရင်လူ ထုတွေ့ဆုံပွဲကို အာဏာပိုင်များမှ လာရောက် ဟန့်တားသဖြင့် အစီအစဉ်တချို့ဖျက်သိမ်းခဲ့ရ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ BNI/မြန်မာ

- တပ်မတော်၏ ပစ်ခတ်မှုကြောင့် ကူညီထောက်ပံ့ရေး အဖွဲ့ဝင် တစ်ဦး သေဆုံး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## လယ်ယာမြေပြဿနာများ

- သိမ်းဆည်းမြေများ ပြန် လည်ရရှိရေး တောင် သူများ ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ BNI

- ဖားကန့်တွင် ကုမ္ပဏီများက မြေသိမ်းခြင်း အတွက် တစ်ကိုယ်တော်ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ The Voice/မြန်မာ

- CNPC နှင့် MOGE တို့ကို အလိုမရှိကြောင်း အမ်းတောင်သူဒေသခံ ၁၀၀ခန့် အစာငတ်ခံ ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၇ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၈ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၈ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ/မြန်မာ

- စွန့်လွှတ်မြေဧက ၁၆၀ကို မူလပိုင်ရှင် လယ်သမားများပြန်လည် ရရှိခြင်းမရှိ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မြန်မာတိုင်း/မြန်မာ

- ယခင်အစိုးရလက်ထက်က သိမ်းဆည်းခြင်းခံခဲ့ရသောလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ RFA/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ရက်၊ DVB/မြန်မာ

- အာဆီယံလမ်းနှင့် မလွတ်ကင်း၍ နေအိမ်ဖျက်ပေးရသူများ နစ်နာကြေးမရသေး
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ The Voice/မြန်မာ

- နှစ်နှစ်အတွင်း မြေယာပြဿနာ၁၀%သာ ဖြေရှင်းနိုင်ခဲ့
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဘီဘီစီ/မြန်မာ

- လယ်ယာမြေအငြင်းပွားမှုအပါအဝင် တောင်သူများကိုထောင်ဒဏ်ချမှတ်ခြင်းအတွက် ဆန္ဒ ထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ BNI

- မွန်ပြည်နယ်ရှိ တောင်သူများမှ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးထွန်းမင်းအောင်ကို ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ BNI

## ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

- သမ္မတသက်တမ်းတွင် ပြုလုပ်သွားမည့် အစီအစဉ်များကို သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြား
  ၂၀၁၈ခုနှစ်၊ ဧပြီလ ၁ ရက်၊ BNI

## ဖွဲ့စည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

- အကျဉ်းထောင် လေးခုတွင် ကျန်းမာရေးအဆောက်အအုံများ တည်ဆောက်
  ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ


ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး+၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈
ဘိုကြည် တွဲဘက်အတွင်းရေးမှူး+၆၆(၀) ၈၁၉ ၆၂၈ ၇၁၃
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ+၉၅(၀) ၄၂၈ ၁၁၇ ၃၄၈